# ပေါလ ရုပ်စုံ



# မောင်လေး ဒို့ကျောင်းသား

ငှက်ကလေးတွေ အိပ်ရာနိုး
မောင်လေး အိပ်ရာနိုး။

ပန်းပွင့်ကလေးတွေ မျက်နှာသစ်
မောင်လေး မျက်နှာသစ်။

သစ်ပင်ကရွက်လေးတွေ သစ်ရွက်လဲ
မောင်လေး အဝတ်လဲ။

ငန်းဖြူကြီးက ကိုယ်သန့်ရှင်း
မောင်လေး ကိုယ်သန့်ရှင်း။

သစ်ပင်ပေါ်က ရွှေချိုးငှက်
တကူကူးလို့ စာတွေကျက်
မောင်လေး စာတွေကျက်။

ငှက်ကျားကလေး သပိတ်လွယ်
မောင်လေး လွယ်အိတ်လွယ်။

ကြက်ကလေးတွေ မြေကိုယက်
တစ် နှစ် သုံး လေး အမြန်တွက်
မောင်လေး ဂဏန်းတွက်။

နေမင်းနီနီ ထွက်တဲ့ချိန်
မောင်လေး ကျောင်းတက်ချိန်။

အချိန်လေးစား စာလေးစား
မောင်လေး ဒို့ကျောင်းသား။

ကဗျာ ထင်မြိုး


သရုပ်ဖော် ဘောက




ဓါတ်တော်ကြီး
ပန်းချီ - ဦးဘကြည်
တနေ့သောအခါ ဆင်းရဲသူမတယောက်သည် အကျီ ချွတ်၍ ရေကန်ထဲသို့ ရေဆင်းချိုး၏။
ရေချိုးနေခိုက် မိန်းမငယ်တယောက် ရောက်လာပြီး ကမ်းပါး၌ အဝတ်ပုံကို တွေ့၍---
ဟင်း ဘာလေး ပါလိမ့်
ဖြူညိုရောင်စုံဖြင့် ထိုးထားသော လည်ဆွဲ ကို မြင်လျှင် လိုချင်စိတ် ပေါ်လာသော ကြောင့်
လှလိုက်တာဟယ်- ငါလိုချင်လိုက်တာ
အမရေ... လည်ဆွဲလေး ခဏကြည့်မယ် နော်။ ကျွန်မလည်း လည်ဆွဲ ထိုး ချင်လို့ပါ
ကြည့်လေ-ကြည့်ပါ
မိန်းမငယ်သည် လည်ပင်းတွင် ဆွဲလိုက်ပြီး ရေထဲငုံ့ကြည့်ကာ ပီတိအလွန် ဖြစ်လျက်.
အလစ်၌ ထွက်ပြေးသွားလေသည်။
ဟောတော့ ခိုးပြေးပြီ ထင်တယ်
ဟဲ့ဟဲ့


ပြေးလိုက်သွားပြီးနောက် ဆင်းရဲသူမ နှင့် မိန်းမငယ်တို့ စကားများကြလေသည်။
ဟဲ့ - ညည်း ငါ့လည်ဆွဲ ဘာလို့ ခိုးသွားရတာလဲ
အမယ်- ဒါ ကျုမ လည်ဆွဲပါ
ထို့နောက် အနီးရှိလူများက ဖျောင်းဖျ ပြောကြ၍ မဟော်လေးထံ ခေါ်သွားကြ၏။
အော်- အမတို့ လည်ဆွဲက လှလဲလှ ပေတာကိုး
ကျနော် ခဏလောက် ကိုင်ကြည့် ပါရစေလား
အမတို့ လည်ဆွဲက- မွှေးလဲ မွှေးပါလား၊ ဘာတွေများ လိမ်းထား လဲ - ဟင်
မယလေးက နံ့သာပေါင်း အမြဲ လူးပေးတာအဲ...
မမကြီးက - နေ့တိုင်း - ရှစ်ရှားပွင့် သုတ်လိမ်းပါတယ်...
ထို့ကြောင့် လည်ဆွဲကို ရေဖလားတွင်ရေစိမ်၍ ခဏကြာမှ လူကြီးများအား ပြသရာ -
သက်သေ လူကြီးမင်းများ နမ်းကြည့်ကြပါ.....
ရှစ်ရှားပွင့် အနံ့တဲ့.. နံ့သာနံ့ မဟုတ်ပါဘူး
ဤသို့ မဟော်လေးက ဆုံးဖြတ်နိုင်ခဲ့၏။
ထိုအတူ တချိန်ကလည်း မိန်းမနှစ်ယောက် ခြည်လုံး ပြဿနာ ပေါ်ပြန်ရာ -
ဒီခြည်လုံးကို သူက ခိုးသွားပြီး သူ့ခြည်လုံး လို့ ငြင်းနေတယ်
အမယ်... ဒီမိန်းမ က - လိမ် တာဟဲ့
မဟော်လေးထံ ရောက်သွားကြ၍ ခြည်လုံး အတွင်းတွင် ခံရစ်ထားသော အဆံ ကိုမြင်ကာ ဖြည်ကြည့်ပြီး -
အဆုံးအဖြတ်ပေးခဲ့သော ဟူ၏။


တခါကလည်း ခုနစ်နှစ်တိုင်တိုင် အလုပ်လုပ်ပြီး မိန်းမရ၍ မိဘရပ်ထံပြန်လာကြစဉ်
ကိုပုဏ္ဏရယ်- ကျမတော့ ဒီချောင်းကို မကူးရဲဘူး ရှင်
မအိမ်ထန်းရယ် -ကျုပ်လဲ- ရေကြောက်တာဘဲ၊ ခရီးသွားပေါ်ချင်းတွေ ရင်-တိုင်ပင်ကြသေးတာပေါ့.....
ထိုအခိုက် ကိုကျော်ရှည်ဆိုသူရောက်လာ၍
မိတ်ဆွေလဲ- ခရီးသည်ဘဲထင်တယ်
ဟုတ်ပါတယ်
ဒီချောင်း ရေ- တော်တော် နက်လား ဗျ
အော် - ရေကြောက်ကြတာကိုး -.....
ဟုတ်ကဲ့ - ဟဲဟဲ
ရေကတော့ အတော်နက်တယ်။ ရေစီးလဲ သန်တယ်။ မိကျောင်းလဲ ပေါတယ်။
ကျုပ်ကတော့ သွားနေကျမို့ မိကျောင်းလဲယဉ်နေပါပြီ.........
ဒီလိုဆိုရင် - အားကိုးပါရစေလားဗျာ........ ကျွန်တော်တို့ကို ပဲ့ဘက်ကမ်း ပို့ပေးပါလား။ တောင်းသလောက် ပေးပါ့မယ်။ ပထမ ကျွန်တော့ ဇနီးသယ်ကို ပို့ပေးပါ၊ နောက် တခေါက်မှ ကျွန်တော့ကိုပြန်ခေါ်ပေါ့.......နော်.
ကျုပ်က- ကြေးစား အလုပ်သမားတော့ မဟုတ်ပျူး၊ ခင်များတို့ကို သနားလို့ ဒီမှာ ကူးတို့ အနေနဲ့ ကူညီမယ်လေ......
ကဲ- ကိုပုဏ္ဏရေ သွားမယ်
ရေနက်သည်ဟု ထင်စေရန် ဥက်နိ ဥက်နက်သုံး၍ခေါ်သွားပြီး ရေလည်ရောက်လျှင် ချစ်စကား ကြိုက်စကား ပြောလေတော့သည်။
အမယ်လေး ကြောက်တယ် ရှင့်
ရေ့ရိုပြီတော့
ဖက်သာထား အားမနာနဲ့
ဘုရား-ဘုရား ကျွန်မကို ဖက်ထားပါရှင်
ဝါဟာ မင်းအသက် သခင်ဘဲ


တဖက်ကမ်းသို့ ရောက်သွားသော် လည်း ကျောပိုး လျှက် ဆက်လက် ပြေး သွားရာ
ကျုပ် မိန်းမ ကို ခိုးပြေး ပါပြီဗျို့- ခိုးပြေး ပါပြီဗျ
သို့သော် ထိုသူကား ပြေးမြဲ ပြေးနေသဖြင့်
ဆတ်ဆတ်ခါ မခံ မရပ်နိုင် ဖြစ်ပြီး
အို- မိကျောင်း ကော-ဘာ သော ညာသော ကြောက်နေလို့ မဖြစ်ဘူး ...... မိန်းမ လိုက်လု မှဖြစ်မယ်--- ကဲကွာ- သေ ချင်သေပစေ ....
ဟု ဆို၍ ရေထဲသို့ ခုန်ဆင်း လိုက်ရာ
ဦးခေါင်းဖြင့် မြေကြီးကို ဆောင့်မိမှ ရေတိမ်ကြောင်း ရိပ်မိလေတော့သည်။
နောက်ဆုံး၌ အခြားသူများ ခေါ်သွား၍ မပေါ်ကလေးထံ ရောက်ကြလေသည်။
ဒါ-ကျုပ်မယား အစစ်.....
သူ့မယား ဆိုရင် ကျုပ်ကို အထိ ခံပါ့မလား ကွာ
ခင်များ ဒီလိုတော့-မညာ ပါနဲ့----
မပေါ်လေးသည် နှစ်ဦး နှစ်ဖက် စစ်ဆေး ပြီးနောက် ကိုကျော့ရှည် အား
ကျွန်ုပ် မေးပါရစေ။ ဦးရဲ့ ဇနီး အမည်၊ မိဘ အမည်၊ ဇာတိ-မျိုးရိုး-လုပ်ငန်း ဆွေ တွေ ပြောပြပါအုံး
အင်....... ဟင်....... အဲ.... အဲ.... ဟို...ဟို...
မေးပြီး ဆုံးဖြတ်ချက် ချနိုင်ခဲ့လေသည်။
ထို လည်ဆွဲ၊ ခြည်လုံး၊ မယား ခိုးပြဿနာများ ကို မပေါ်လေးဖြေရှင်းပုံနှင့် မပေါ်လေးမှာ အရွေကုန်းရွာမှ သူဌေးသား မဟောသဓ ဖြစ် ကြောင်းကို မင်းချင်းတို့က လျှောက်ထား၍ သိသော်
---- ကဲ - ဒီတော့-ဒီ မဟောသဓ ကလေးဟာ -- အိပ်ခေါ်နိုင်လောက် ဖြစ်သော-ပညာရှိ လောင်း ပင် ဖြစ်ဟုတ် တန်သလော---
မှတ်တော်မူပါနှင့် -စောင့်ကြည့်တော် မူပါ ဦးဘုရား
ဆက်ရန်


မင်းတို့စားချင်ရင် ငါခူးပေးမယ်လေ၊
ဟဲ့-ဟိုမှာ သရက်ပင်မှာသရက်သီးတွေ သီးနေလိုက်တာ မျှော်မနေတာ ကွာ၊
ဘလေးတို့ကတော့ အလကားအချိန်ဖြုန်းနေတာကွ၊ သစ်ပင်ပေါ်မတက်ဘဲ သရက်သီးစားချင်ရင် ငါလုပ်ပေးမယ် ကဲ-ကြည့်ကြ သာပြောကြတော့-
သူများအပင်ကို ခိုးခူးမယ်ဆိုရင် မလုပ်ပါနဲ့ကွာ၊ ငါသွားပြီး တောင်းပေးပါ့မယ်၊
တဟ-ဘယ်လိုလဲ ဒီး လား၊ ငါသရက်ပင်ကို လှုပ်လိုက်ရုံပဲ ကြွေနေတာ၊ ကောက်ပါပြီကွာ ကောက်ပါပြီ-
အမယ်မယ်လေး လာပါပြီဗျာ-
ဒေါင်
ပြေးမသား ကွာ-
ငါမင်းကိုပြောသားဘဲ သူများပစ္စည်းကို ခိုးခူးမယ်ဆိုရင် မလုပ်ပါနဲ့လို့၊ ခုတော့ ဖခင်အားကိုးနဲ့ လုပ်တော့ မင်းခံရတာ တော်သေးတာပေါ့၊



# နွားလေးကောင်

နွားလေးကောင် နွားလေးကော
ခွန်အားကြီး၍ ဦးချိုထောင်
နွားလေးကောင် တောစပ်နား
အစာမြက်ကို အတူစား။

ခြင်္သေ့ကြီးမှာ ထိုအခါ
နွားလေးကောင်ကို စားလိုရာ
သို့ပါသော် မဝံ့ရဲ
နွားလေးကောင်က ညီညာပွဲ။

ညီညာတွဲတဲ့ နွားများကို
ခြင်္သေ့ကြီးက သွေးခွဲလို
မလိုတမာ လည်ဆယ်ပြော
မသင့်မြတ်အောင် သူကုန်းချော။

ကုန်းချောစကား နားယောင်ကာ
နွားလေးကောင်မှာ သွေးကွဲရ
အစာစားလဲ တသီးခြား
နေထိုင်တော့လဲ တကွဲပြား။


ခြင်္သေ့ကြီးသည် အောင်နိုင်ပြီ
နွားလေးကောင်ကို ဘာမထိ
တကောင်စီ ကိုက်သတ်စား
ပျော်လို့ရွှင်လို့ တဟား-ဟား။

နွားလေးကောင် နွားလေးကောင်
ကုန်းချောစကား သူ့နားယောင်
နားယောင်ပါလို့ စိတ်ဝမ်းကွဲ
ခြင်္သေ့အစာ ဖြစ်သည်ဘဲ။

မင်းယုဝေ




ငါးတွေ-ဟာ ငါးတွေ
လူငယ်တယောက်သည် ငါးဖမ်းရန်ရေပက်နေသည်။
မကြာမီ-ငါးငယ်တကောင် ဖမ်းမိလေသည်။
ဟော မိပြီ
မဖမ်းပါနဲ့ဗျာ - ကျွန်တော်ဟာငါးငယ် ကလေးပါ-အခုလွှတ်လိုက်ပြီး ငါးကြီးဖြစ်တော့မှ ပြန်ဖမ်းပါဗျာ
ဟားဟား-မင်းဟာ ပုံပြင်ထဲက-တံငါသည် ဖမ်းမိတဲ့ငါးကလေးလို ဖြစ်နေပြီ
ကျွန်တော်ကိုအခု မဖမ်းပါနဲ့ဗျာ..
ကြီးမှပြန် ဖမ်းပါ..
" အဲဒီ ငါးကလေးကလဲ-မင်းလို ဘဲ-တံငါ သည်ကြီးကို တောင်းပန်တယ်-"


မင်းကိုမလွှတ်နိုင်ဘူး လွှတ်လိုက်ရင်-မင်းကြီး လာတဲ့အခါ-ထပ်ဖမ်း မိဘို့ဆိုတာ-မသေ ချာဘူး
ဒါကြောင့်-အသေချာ ဆုံး-က-ငယ်ငယ်-သေးသေး အခုဖမ်းထားတာ အကောင်းဆုံးဘဲ..
အဲဒီ-ပုံပြင်လိုဘဲ ငါလဲ-"လွှတ်တဲ့ငါး ကြီးသည်"မဖြစ် ရအောင်..
အခု-မင်းကို အမိဖမ်းထား မယ်ကွာ
ထိုလူငယ်သည်ပြောပြောဆိုဆိုနှင့်ငါးငယ်ကို ပါးစပ်ဖြင့်ကိုက်ထားပြီး... နောက်တကောင်ရရန်ဖမ်းပြန်သည်။
ထိုစဉ်ပါးစပ်ဖြင့်ကိုက်ထားသော ငါးငယ်သည်ရုန်းကန်တိုးဝှေ့ရင်း... ပါးစပ်တွင်းသို့ ဝင်သွားရာ....
ထိုလူငယ်လည်းမျက်ဖြူဆိုက်၍ သွားလေတော့သတည်း။ ။



## အရုဏ်ဦး

မိုးသောက်ငှက်ကလေး တကျီကျီ
ချိုတေး ဖွဲ့လို့သီ။
နေလုံးနီနီ အိပ်ရာထ
လောကအလှ ဆင်ချိန်ပ။
ပန်းလှပွင့်ဖူး ရောင်စုံခြယ်
သစ်ရွက် နှီးချိန်ဝယ်။
ညီလေးရယ် ထပါကွဲ့
အလှ ပြိုင်စို့ရဲ့။

မောင်နွေဦး (ဆင်ဖြူကျွန်း)



## မိုးသောက်ယံတေး

ကြက်ဖဝါဝါ တွန်သံသာ
မိုးသောက် ရောင်နီလာ။
ချိန်မှန်စွာ ကုလားတက်
ရွာဦးကျောင်းကနက်။
ဆွမ်းတော်ချက်လို့ လှူဖွယ်ပြင်
ကြေးစည်သံလွင်လွင်။
လယ်တောရှင် လုပ်ခွင်သွား
နွားခလောက်သံကြား။
ပင်ယံများမှာ ပျော်ကြသည့်
ငှက်ကျေး စီးစီစီ။
မြတ်စေတီ ရွှေရည်လဲ့
သည်းလည်း လေချွန်နဲ့။
မေရဲ့ရွှေသွေး စာတွေအံ
အိမ်လုံး ကျက်ကျက်ညံ။
မိုးသောက်ယံ တောရဲ့တေး
သာလွန်းလှတယ်လေး။

တင်အောင်သွင်



# တေဇ
# ကဗျာ

## တာဝန်ကိုယ်စီ

သည့်အိမ်သည်ခြံ ဒို့များခြံ
သီးနှံ တင့်ကြောင်း ပန်းပွင့်ကြောင်း
ဒို့များ အားသစ်လောင်း။
သည့်ကျောင်းသည့်လမ်း ဒို့များလမ်း
ကူးသန်းလွယ်ဖို့ သာယာဖို့
ဒို့များ ဆောင်ရွက်ကြပါစို့။
သည့်ရေသည့်မြေ ဒို့ရေမြေ
စည်ပင်စေရေး ဖွံ့ဖြိုးရေး
တာဝန်ကိုယ်စီ ထမ်းစို့လေး။

မိုးနှင်း



## ပီတိ ဖြိုး

ရွှင်ရွှင်ဖြိုးဖြိုး ပီတိဖုံး
သားသား စာသင်တုန်း။
ဂလုံးဝိုင်းဝိုင်း ရေးပါကွယ်
ဒါမှ စာတတ်မယ်။
'တစ်'ရယ်'နှစ်'ရယ်
ပေါင်းလိုက်တော့
ခိုဖြူလေးတွေ 'သုံး'ကောင်ပေါ့။
တကြော့နှစ်ကြော့ သံစဉ်ညီ
ကဗျာ ဖတ်ကြမည်။
'နှစ်'တပြီ 'နှစ်'နဲ့မြှောက်
ကျောင်းဆင်းသံချောင်း
'လေး'ချက်ခေါက်။
ခုန်လို့ပေါက်လို့ ပျော်မြူးစွာ
သားသား ကျောင်းဆင်းလာ။
သားသားမျက်နှာ ပီတိဖုံး
ရွှင်ရွှင်ပျပျဖြိုး။ ။

မောင်မြင်းအောင် (သံတောက်)


ဖိုးဆိတ်ဖြူ
ဗျို့ ဦးကပ်စီးနဲ့ မတွေ့တာ ကြာပကော ခုဘယ်ကလဲ
ဘုံး
နေပါအုံး ခင်ဗျားကို ဘယ်သူပါလိမ့် စိတ် မရှိပါနဲ့နော် ကျုပ်က ခုတလော သိပ်မေ့တတ်နေတယ်
အတော်ဘဲ သူဌေး ဦးဖိုးဘ မှာထားတဲ့ မှတ်ဉာဏ်ကောင်း ကိရိယာ သွားပို့မလို့ ကဲ.. အဲဒါလေးကို တယ် ကြည့်လိုက်စမ်း
ကောင်းသား
ခေါင်းထဲ တမျိုးကြီး...
ဒီမှတ်ဉာဏ်တွေ ဝင်လာတာ တလက်

# တေဇ ရုပ်စုံ သတင်းလွှာ

### အာဇာနည်နေ့အကြို

၁၆-၇-၇၅။ ။မန္တလေးမြို့ အနောက်တောင်မြို့နယ် ပြည်ကြီးပျော်ဘွယ် အနောက် အမကတွင် အာဇာနည်နေ့ အကြိုဟောပြောပွဲ ပြုလုပ်ရာ ကျောင်းသားကျောင်းသူကလေးများက ဗိုလ်ချုပ်အောင်ဆန်း ဂုဏ်ပြုကဗျာများဖြင့် ရွတ်ဆိုဂုဏ်ပြုကြသည်။

အလားတူပင်ထိုနေ့က မန္တလေးမြို့နန်းရှေ့ဒေါနဘွား အမကတွင်၎င်း၊ နတ္တလင်းမြို့ စံပြရပ်ကွက်ရှိ ပြည်တော်သာအမကတွင်၎င်း၊ ၁၈-၇-၇၅ နေ့က အင်းစိန်မြို့နယ် ဗိုင်စု အမက (၂၀) တွင်၎င်း၊ မန္တလေးမြို့ အမက (၂၃) တွင်၎င်း၊ ရန်ကုန်မြို့ ကန်ဘဲ့ ဆရာအတတ်သင် လေ့ကျင့်ရေး မူလတန်း ကျောင်းတွင်၎င်း၊ အာဇာနည်နေ့နှင့်ပတ်သက်သည့် ဟောပြောပွဲများ ပြုလုပ်ကျင်းပခဲ့ကြသည်။

### ဝါဆိုအလှူ

၂၀-၇-၇၅။ ။မန္တလေးမြို့အနောက်တောင်မြို့နယ် ဒက္ခိဏာဝံ အမကတွင် ကျောင်းသူကလေးများက ဝါဆိုသင်္ကန်းနှင့် ပန်းများ ကပ်လှူပူဇော်ခဲ့ကြသည်။

### ဂုဏ်ပြုလှူဒါန်း

၂၀-၇-၇၅။ ။ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၄-ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းရှိ မဏိစည်သူ ဘုန်းတော်ကြီး မူလတန်းကျောင်း၌ ဆယ်နှစ် ဆက်တိုက် စတုတ္ထတန်း တန်းလုံးကျွတ် အောင်မြင်ရန် သင်ကြားပေးခဲ့သည့် နာယက ဆရာတော် ဦးဇောတိကအား မြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌက လှူဘွယ်ပစ္စည်းများဖြင့် ဂုဏ်ပြုဆက်ကပ်လှူဒါန်းခဲ့သည်။

### လေ့လာခရီး

၂၁-၇-၇၅။ သံလျင်မြို့ ဒါရိဂါရပ်ကွက် အစိုးရ မူလတန်းကျောင်းမှ တေဇလူငယ် တရာသည် ဆရာ ဆရာမများ ဦးဆောင်၍ ရန်ကုန်မြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများ၊ အမျိုးသားပြတိုက်၊ လေယာဉ်ကွင်း၊ တိရစ္ဆာန်ရုံ စသည့်နေရာများသို့ သွားရောက် လေ့လာခဲ့ကြသည်။

### ဝါဆိုသင်္ကန်းကပ်

၂၃-၇-၇၅။ ။ပဲခူးတိုင်း ညောင်လေးပင်မြို့ စေတနာ့ဝန်ထမ်း နေ့ကလေးထိန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် ညောင်လေးပင်မြို့ ဘုရားကြီး ကျောင်းတိုက်တွင် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ခဲ့ကြသည်။

### ပညာရည်ချွန်ဆု

၂၇-၇-၇၅။ ။ထားဝယ်မြို့ အိုးလုပ် အမကတွင် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပရာ ဆုရရှိသူများအား ကျောင်းအုပ်ဆရာမကြီးက ဆုများချီးမြှင့်ခဲ့သည်။

### ပန်းချီနှစ်ဆုရှင်

၂၈-၇-၇၅။ ။အိန္ဒိယနိုင်ငံ ရှန်ကာကလေးပန်းချီဆုနှင့် ယူဂိုစလားဗီးယားနိုင်ငံ ကမ္ဘာ့ကလေးပန်းချီပြိုင်ပွဲတွင် တီထွင်ဖန်တီးမှုဆုနှင့် (၇) နှစ်အောက် ကလေးပန်းချီထူးချွန်ဆု (၂) ဆုကို ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မချောအိသိန်းကရရှိခဲ့သည်။

### ပန်းချီဆုရှင်များ

၂၈-၇-၇၅။ ။၁၉၇၄ ခုနှစ် ယူဂိုစလားဗီးယားနိုင်ငံ ကမ္ဘာ့ကလေးပန်းချီပြိုင်ပွဲတွင် မောင်အုန်းသော် (ပညာရေး တက္ကသိုလ် လေ့ကျင့်ကျောင်း) မောင်နေဝင်း၊ မောင်မိုးကောင်း၊ မောင်မြတ်မော်ထွန်း (အထက ၁-လမ်းမတော်) မောင်ဟန်စိန် (အထက ၄-မရမ်းကုန်း) မောင်ခင်ထွန်း (အလက ၁-အင်းစိန်) တို့ဆုများ ရရှိခဲ့ကြသည်။

### အကပဒေသာ

၁-၈-၇၅။ ။တောင်ကြီးမြို့ အမက (၅) တွင် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးပွဲနှင့် ဆုနှင်းသဘင်ပေးပွဲ အခမ်းအနားကျင်းပရာ ကျောင်းသူကလေးများက အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေခဲ့သည်။

### ကဗျာဖြင့်ဧည့်ခံ

၂-၈-၇၅။ ။ရန်ကုန်မြို့ တာမွေမြို့နယ် ပြည်သူ့အလုပ်သမားကောင်စီက ကြီးမှူးကျင်းပသော တာမွေကလေး ကိုယ်ထူကိုယ်ထနေ့ကလေးထိန်းကျောင်း နှစ်ပတ်လည်အခမ်းအနားတွင် ဧည့်သည်တော်များအား ကျောင်းသား ကျောင်းသူကလေးများက ကဗျာရွတ်ဆိုပြီး ဧည့်ခံဖျော်ဖြေခဲ့သည်။

### သွေးလွှန်ကာကွယ်

၄-၈-၇၅။ ။မန္တလေးမြို့ အောင်နန်းရိပ်သာ အနောက်ရပ်ကွက်တွင် ပါတီ၊ ကောင်စီ၊ လမ်းစဉ်လူငယ်၊ ကြက်ခြေနီများ စုပေါင်း၍ သွေးလွှန်တုပ်ကွေး နှိမ်နင်းရေးလက်ကမ်းကြော်ငြာများကို ရပ်ကွက်အတွင်းရှိ အမကကျောင်းများသို့ လိုက်လံဝေငှခဲ့သည်။


ကျေးရူးသစ္စာ
ဇါတ်လမ်း • သူရပ်ဖေဖါ်
ရေးဆွဲ • ဖအူးယယ်
ခွေးခုတ်
ခွေးရှာ
အမလေး
ဝတ်ကျားသည်ခွေးဘဝတလျှောက်လုံးတွင်
မကြုံဘူးသေးသောကြောက်ခြင်း ထိတ်လန့်
ဘွယ်အဖြစ်နှင့်ရင်ဆိုင်နေရပေသည်
နောက်ကုန်မှလွတ်လာခဲ့သော်လည်း
ခွေးကြီးများနှင့်တွေ့သောအခါ•
ဂလုံး—
အမြီးကုပ် လျှိုခြောက်နှင့်
သုတ်ခြေတင်ပြေးရပြန်သည်
ဟူး • တနေ့လုံး
ပြေးလိုက်ရတာ
မောနေတာဘဲ
အရေးထဲဗိုက်ကဆာလာပြန်ပြီ • ခုမှ
ဒုက္ခပါဘဲ • • ဒီသခင်ဘယ်မှာသွားလို့
ဘယ်မှာအိပ်ရပါ့မလဲ
ဝတ်ကျားသည်ဆာလောင်မွတ်သိပ်
ခြင်း 3 ကြောင့်တအင်အင်အော်
မြည်ရင်းမှိုမှိုင်ကာအတိတ်ကာလကို • •
ပြန်လည်ပြင်ပေါ်ပေါင်လာမိတော့သည်


ဒုတ်ကျားသည်ငွေကြေးတောင့်တင်းသော
အိမ်တအိမ်မှခွေးဝင်စားလေးဖြစ်သည်
လူမိုက်များခြံတွင်းသို့မဝင်နိုင်အောင်
တားဆီးပေးခြင်း...
ဝုတ် ဝုတ်
ညရေးသတာများတွင်·အိမ်
လုံအောင်စောင့်ပေးခြင်း·
တို့ကြောင့်
ချွတ် ချွတ်
အိမ်ရှင်ကသဘောကျပါ ကျွေးမွေးစောင့်ရှောက်ထား
သဖြင့်နေရေးစားရေးအတွက်မပူရဘဲ·တစ်သွေးတစ်မွေး
နေထိုင်ခဲ့ရပေသည်
ချွတ် ချွတ်
အင်း··ခွေးဖြစ်ရတာ
တယ်ဖိမ်ကျတာဘဲ
တနေ့တွင်
အလို! ငကြွက်နဲ့
ဝေးကွ·ခွေးလိုက်တာ
စားလိုက်ရင်ဘေ
ချိုပေမဲ့
ငါ့သခင်ကို ပူညည်း
ဖြစ်နေတာကိုတွေ့ရတယ်
အို·ဘာဘဲဖြစ်ဖြစ်
ဆိုးစားရင်ချတို့သိမှ
မျက်ပါဘူး··· စားရ
တို့က အရေးကြီး
တယ်
ဆိုးစားရလို့လားမသိဘူး
ချိုလိုက်တဲ့ငကြွက်လေး
ကျွတ်လိုက်တာကယ်
ရွှင်နေတာဘဲ
ချွတ် ချွတ်


နိုင်ငံခြားကကိုဂုတ်ကျားစား တာတောမဖြစ်နိုင်ဘူးကွ သူ့အိပ်နေတုန်းတခြားခွေး တကောင်ဝင်စားသွားတာ ဘဲဖြစ်ရမယ်
ဟေး ပေါက်ပြီသေးကို တနေ့လုံးအိပ်ချင်ဟန်နဲ့ ဆောင်နေလို့ ငါ့ကို မကိုပ်မိကြဘူး
ဂုတ်ကျား ဂေဟာ
ချက်ချာတန်းကြံသော်
မမှတ်သေးဘူး ယင်းတယ်.. ဝက်အူချောင်း တွေမှန်းသာပြီ.. ယူလာစိတ်တော့ဝင်အစ်မှာ
ဝက်အူချောင်းတွဲကိုဟပ်ကနဲ ဟန်ပြင်လိုက်ခန်..
ဖွေပေပေတော့
ခွေးခုတ်ခွေးနာ
သခင်ဖြစ်သူမှာ ဒေါ်သူပေါ်
ဘဲ ဟာ...
ဝက်အူချောင်းတွဲကို လှမ်းပြီး.. တမင်သူ့ခိုး မောင်းဖယ်နေတာကွ..
အိမ်ကိုပြန်လာလျှင် သေဘီသာမှတ်တော့
အကြား ခွေးများနှင့်တွေ့သော အခါ..
အပေါင်းအသင်းမလုပ်နဲ့ နော်.. အဲဒီကောင်ဟာသူခိုး မကိုလိုမယုံကဘူး
ကျေးဇူးတကားကိုမထောက် ...ဘဲ... ဘယ်ခွေးကမှ ငါ့ကို ပေါ်အာယုံ ... ပါလား.....

# ရေသူမလေးများနဲ့ တူတူပုန်းတမ်းကစားမယ်



# အမြီးများနှင့် ယင်းတို့၏ အသုံးဝင်ပုံ

မြစသျှ



တိရစ္ဆာန်တကောင်၏ အမြီးသည် တိကျသော တာဝန် တရပ် (သို့မဟုတ်) အလုပ်တခုကို မလုပ်နိုင်သော်လည်း တစုံတရာသော အတိုင်း အတာ အထိ အသုံး ဝင်တတ် လေသည်။

ယုန်တကောင်သည် ကျင်း အပြင်တွင် ထွက်၍ အစာ စားနေ ခိုက် ရူ လာသည်ကို မြင်လျှင် ကျင်းထဲသို့ ဝင် ပြေး တော့သည်။ ထိုအခါ အမြီးကလေးကို ကျင်းဝ တွင် ထောင်၍ ပြ သွား လေသည်။ ထို အမြီးကို မြင်သည် နှင့် အနီး အနားမှ ယုန်များလည်း ကျင်းများထဲ သို့ ဝင် ပြေး ကြ လေ တော့ သည်။ ထို ယုန် များကလည်း အမြီးများ ကို ထောင်၍ ဝင်သွား ကြသည်။ အမြီး၏ အောက် ဖက်မှ



အဖြူရောင်သည် အန္တရာယ်ကို သတိ ပြုသော အချက်ပြ အမှတ်အသား ဖြစ် သွား လေသည်။ ရန်သူ၏ တိုက် ခိုက်မှုကို ခံရသော ကင်းလိပ်ချော (သို့မဟုတ်) အိမ် မြှောင် တို့သည် ယင်းတို့၏ အမြီး ကို ဖြတ်ထားခဲ့ လေ့ ရှိ သည်။

ထိုအခါ ရန်သူသည် တလှုပ်လှုပ် ဖြစ် နေသော အမြီး ပြတ်ကိုသာ ရ၍ ရှုံး ထိုက် မိ သွား လေ သည်။ ကျွဲ သို့ဖြင့် ကင်းလိပ်ချော အိမ်မြှောင် တို့ မှာ ရန်သူ လက်မှ လွတ်မြောက် နိုင် ခဲ့ ကြ သည်။




အံ့ဩဘွယ် အကောင်း ဆုံးမှာ သလိုဝမ်း (SLOW WORM) ခေါ် ခြေ ထောက် မရှိသော ကင်းလိပ်ချော အမျိုး အနွယ် ဖြစ် သည်။ ထို သတ္တဝါ သည် အန္တရာယ် မပြတတ်ပေ၊ သူ့ ကျော ဘက်တွင် ပကျိုကျို လိပ်ပြာ စသည် တို့ကို စား ကျွ ထွက် လာသည်။ ရန်သူ များ ဖြစ်သော




ရန်သူက ဖြူး၊ မြွေပွေး စသည်တို့ ကရန်ရှာသောအခါ ယင်းသည် အမြီးတပိုင်းကို ဖြတ်၍ထားခဲ့သည်။ ကျွက်ကဲ့သို့ ပြုလုပ်နိုင်ခြင်းမှာ ယင်း၏ကိုယ်ခန္ဓာ တဝက်ကျော်ခန့်မှာ အမြီးပိုင်း ဖြစ်နေခြင်းကြောင့် တည်း။ ပြတ်ကျန်ရစ်သော အမြီးမှာလည်း လှုပ်ရှားနေ၏။ ရန်သူမှာ ဆာလိုဝမ်း နှစ်ကောင်နှင့် ရင်ဆိုင်နေရသည့်သို့ ဖြစ်သွားသည်။ မည်သည့်အကောင်ကို ကိုက်ရမှန်း ဝေခွဲမရ ဖြစ်နေချိန်တွင် ပြတ်ကျန်ရစ်သော အမြီးပိုင်း၏ လှုပ်ရှားမှုမှာ ခွေးကွေးလာသည်။ ရန်သူသည် ပြတ်ကျန်ရစ်သော အမြီးကို ပိုမို လွယ်ကူစွာ ဖမ်းနိုင်သော အကောင်ထင်ပြီး ဖမ်းအုပ်လိုက်၏။ ထိုအခါမှ ရန်သူသည် အကောင်အစစ် လွတ်သွားသည်ကို သိရလေသည်။

ပိုးဖလံ (PUSS MOTH) ဖြစ်မည့် ပေါက်ဖတ်ကောင်၏ ကိုယ်ပေါ်တွင် ရန်သူဖြစ်သော နကျယ်ကောင်တမျိုး (ICHNEU MON, FLY.) က ဥဥရန် တိုက်ခိုက်သည်။ ထိုအခါ ပိုးဖလံ၏ အမြီးပိုင်းမှ အနီရောင်ကြိုး မျှင်ကဲ့သို့သော အချောင်းနှစ်ချောင်း ထွက်လာသည်။ ယင်းကြိုးမျှင်ဖြင့် ရန်သူကို ကျောပိုင်းသို့ တွန်း၍ ပို့လိုက်သည်။ တချိန်တည်းတွင်ပင် ပေါက်ဖတ်သည် ယင်း၏ ဦးခေါင်းကို ကိုယ်တွင်းသို့ သွင်းလိုက်သည်။ ခန္ဓာကိုယ် ပထမအဆစ်တွင်ရှိသော အမဲကွက်နှစ်ကွက်သည် ကြီးကျယ်သော မျက်လုံးများပမာ နကျယ်ကောင်အား စိုက်ကြည့်နေလေတော့သည်။ နကျယ်ကောင်မှာ အတန်ကြာသည်အထိ မည်သို့ ပြုလုပ်ရမည် မသိဘဲ စိုက်ကြည့်နေစဉ် ပေါက်ဖတ်သည် မူးစေတတ်သော အရည်တမျိုးဖြင့် နကျယ်ကောင်ကို ပက်ဖျန်းလိုက်သည်။ ထိုအခါ နကျယ်ကောင်သည် ရှိမနေနိုင်တော့ပေ။ မူးစေတတ်သော အရည်များပါက နကျယ်ကောင်ပင် သေစေနိုင်သည်။





(THE DEVIL'S) COACH HORSE BEETLE) ပိုးကောင်မှာ တမျိုးသည် ၎င်းတို့၏ ရန်သူများကို ဓါတ်ငွေ့ (Gases) ဖြင့် ကာကွယ်သည်။ ပိုးကောင်မှာသည် ရန်သူများ ချဉ်းကပ်လာသောအခါ အမြီးဘက်သို့ လှည့်ပြီး အနံ့ဆိုးသော အဖြူရောင် အရည်ဖြင့် ပက်ဖြန်းသည်။ ရန်သူများသည် ယင်းပိုးကောင်ကို မစား နိုင်တော့ပေ။ တိရစ္ဆာန် အချို့သည် ယင်းတို့၏ အမြီးများဖြင့် တွယ်တက်ကြသည်။ ဥပမာ မျောက်များ ဖြစ်သည်။ တောင်အမေရိကရှိ (THE NAKED TAILS MON-KEY) ၏ အမြီးတွင် အမွေးမရှိသော မျောက်တမျိုးသည်




အမြီးဖြင့်အာပင်များကို တက်ရာတွင် အလွန်ကျွမ်းကျင်သည်။ ယင်း မျောက်မျိုးများ၏ အမြီးများသည် အမွေး မရှိသဖြင့် 'လက်' အ ပို တချောင်းနှယ် အသုံးပြုနိုင်သည်။ သားပိုက်ကောင်ပေါ် ကြွက်သား များသော အမြီးသည် စွန်ရဲ၏ အလွန်အထောက် ပြုသည်။ သားပိုက်ကောင်အမျိုးအနွယ်တွင် ပါဝင်သော အမေရိက တိုက်ရှိ အိုပိုစမ်ခေါ် ကြွက်ကဲ့သို့ အကောင်မျိုးတို့၏ အမြီးသည် လည်း ရှည်လျားပြီး အဖျားပိုင်းသည် အမွေးမရှိဘဲ ပြောင်ချောနေသည်။ အမြီးကို ထိလျှင် သိနိုင်စွမ်းရှိသည်။ မည်သည့်မျှ ပင်ဖြစ်သော အကိုင်းကိုဖြစ်စေ တွယ်ချိတ်နိုင်စွမ်း ရှိသည်။ အိုပိုစမ်း၏ အမြီးများမှာ အခြားအလုပ်တခုကို လုပ်ပေးဆောင်နိုင်သေးသည် ယင်းတို့သည် သားပိုက်ကောင်အနွယ်ဖြစ်လင့်ကစား သား ငယ်များကို အိတ်ထဲတွင် မသယ်ဆောင်ကြပေ။ ယင်းတို့တွင် သားပိုက်အိတ် မရှိပေ။ ယင်းတို့၏ အမြီး ကလေး များဖြင့် ချောက်ကျောပေါ်တွင် ထောင်ထားသော မိခင်၏ အမြီးကို ဆယ်ကောင်ခန့်ရှိသည့် သားသမီး များက တွယ်ထားကြသည်။

ထို့ကြောင့် အမြီးများသည် ကုန်းပေါ်တွင် ငှင်း၊ သစ်ပင်များပေါ်တွင် ငှင်း အသုံးဝင်သည့် အပြင်ရေလဲ့အောက်တွင်လည်း အသုံးဝင်သေးသည်။



နိုယူ(တံ) ခေါ်ဖြူးတပိုင်း ငါးတပိုင်း ကဲ့သို့သော အဝ ကောင် တမျိုးမှ အထီးများ၏ အမြီးများသည် ပဲ့ကိုင်တက် အဖြစ်လည်းကောင်း၊ ရေကူးနိုင်သော ခန္ဓာ အစိတ်အပိုင်း အဖြစ်လည်းကောင်း အသုံးဝင်သည်။ ကမဲဗဒ်ဝမ်း ခေါ် ယင်ကောင်တမျိုးအား ဖိုးတုံးလုံး သည် ယင်း၏ ရှုံး ဖုံ့သော ခန္ဓာကိုယ်ကို ကာကွယ်ရန် အခွံ ပြုလုပ်ထားသည်။ ယင်း၏အခွံ ထဲမှ ထွက်ပြီး မရပေ။ အဘယ်ကြောင့် ဆိုကြော် အမြီးများရှိ ချိတ်နှစ်ခုဖြင့် အခွံကို ချိတ်ထား၍ ဖြစ်သည်။ ငါး အချို့တို့သည် လည်း ယင်းတို့ အမြီးကို ရေကူးခြင်းအပြင် အခြားကိစ္စများအတွက် အသုံးပြုသေးသည်။ ထူးဆန်းသော ဆီးဟော (ဆ်) ခေါ်ငါး တမျိုးသည် ယင်း၏ မြင်းနှင့်တူသော ဦးခေါင်းနှင့် ကောက်သော လည်ပင်း ကြောင့်ပင် လယ်မြင်း "ဆီးဟော့(ဆ်)" ဟူ၍ ခေါ်သည်။ ယင်းတို့သည် ရေအောက် သစ်ပင်များ တွင် အမြီးဖြင့် ချိတ်ကာ ရပ်နားနေနိုင်သည်။ အမြီးကို ကျွေးလိုက် ဆန့်ထုတ်ပြုလုပ်ခြင်းဖြင့် မတ်တတ်အနေ အထား အတိုင်း ကူးခတ်သွားနိုင်သည်။



အမြီးများ၏ အသုံးဝင်ပုံကို ရေးရမည် ဆိုလျှင် ဆုံးမည်မဟုတ်ပေ။ တိရစ္ဆာန်တိုင်း၏ အမြီးများ သည် တမျိုးစီ အသုံး ဝင်ကြသည်။

# ဧတာရနဲ့ သိမှတ်ဘွယ်ရာများ




ပထမဦးဆုံးတယ်လီဖုန်းကို မည်သည့်ခုနှစ်တွင်မည်သူက စတင်တီထွင်ခဲ့သနည်း·····



ပထမဆုံးရေဒီယိုကို··· မည်သည့်ခုနှစ်တွင် မည်သူတီထွင်ခဲ့သနည်း····

လေယာဉ်ပျံကို မည်သည့်ခုနှစ်တွင်မည်သူ စတင်တီထွင်ခဲ့သနည်း





လျှပ်စစ် မီးသီးကိုမည်သူက မည်သည့်ခုနှစ်တွင်တီထွင် ခဲ့သနည်း

အဖြေများကို မှန်တချပ်တွင်ထောင်၍ ကြည့်ပါ။


ဖိုညို နှင့် သူ့သိုးကလေး
သရုပ်ဖော်-
ဇာတ်လမ်း
မောင်သက်ဝင်း
ပျိုးဖေါ်သည့်တောမြို့
ကလေးတမြို့တွင်နေထိုင်
သည်။ သူသည်အသက်
၈-နှစ်ခန့်အရွယ်ရှိ၍
ဒုတိယတန်း၌ပညာသင်
ကြားလျက်ရှိသည်။


ထိုနေ့ ဖိုးဇော်သည် နေ့ဘက်ကျောင်းဆင်းလာချိန်တွင်-
ဟာ- ရှဉ့်ကလေးကို ခွေးလိုက်လိုက်နေပါလား၊
ရှဉ့်ပေါက်စကလေးမို့ ခွေးကိုက်လွတ်အောင် မပြေးနိုင်ရှာဘူး၊ ငါကယ်မှဘဲ၊
ဟဲ့ခွေး- ဟဲ့ခွေး- ရှီး- ရှီး-
ကြည့်စမ်း- ရှဉ့်ကလေးခမျာ ကြောက်လို့ တုန်နေလိုက်တာ၊ ဒီရှဉ့်ကလေးကို ငါအိမ်ခေါ်သွားပြီး မွေးမှဘဲ၊
အိမ်သို့ရောက်သောအခါ၊ သူ့ဖေဖေနှင့်မေမေအား အကျိုးအကြောင်းပြီး ပြောပြလေသည်၊
ရှဉ့်ကလေးကပေါက်စကလေးသားကွဲ၊ အိမ်မှာမွေးထားရင်၊ မကြာခင် ယဉ်သွားမှာပေါ့၊


ဟုတ်တယ်-အိမ်မှာမွေးလို့ကောင်းမြဲမလဲသားရယ်၊ သူ့အမေအဖေတွေ၊ သူတို့ကလေးပျောက်လို့လိုက်ရှာနေကြမှာပေါ့၊ သနားပါတယ်ကွယ်၊
သားသွားအတူလိုက်သနားလို့ မွေးချင်တာပေါ့မေမေရဲ့၊ ရှဉ့်ကလေးကို အဖေအမေတွေ ကယ်နေရာမှာ ရှာမှန်း၊ ကယ်သူသိမှာပါ၊ အခုလွတ်လိုက်ရင် ခွေးလိုက်ကိုက်လို့ သေသွားမှာပေါ့၊
ကိုင်း-ဒီလိုဆိုလဲ သားသဘော-သားသဘော-
ဖိုးစော်သည် ရှဉ့်ကလေးကိုနို့လည်းတိုက်သည်၊ ငှက်ပျောသီးအစရှိသည်တို့ကိုလည်းကျွေးသည်၊
ညကာလ အိပ်ချိန်များ၌ ဖိုးစော်သည်ရှဉ့်ကလေးအား ကပ်ပြားဘူးကလေးထဲတွင်ထည့်၍ အိပ်ပါသည်၊
စားလေ-စားကွ၊ အားမနာနဲ့၊ မင်းစားတာကြည့်ရတာနဲ့၊ ငါတော်တော်ထမင်းဆာလာပြီ၊
ဟေ့ဒီ မင်းအိပ်ရာဘဲကွ၊ ကောင်းကောင်းအိပ်နော်၊


ဖိုးကျော် အိပ်ရာဘေးရှိ ကြောင်ကလေးသည်
နေသည်။
နောက်တနေ့ နံနက်၌-
သား-ကြောင်ကလေးနေဖို့ ကြောင်အိမ်လေးတခု ဖေဖေဝယ်လာတယ်ဟေ့၊
ဟာ-သိပ်ပျော်တာဘဲဖေဖေ၊ ကြောင်ကလေးတော့ အိမ်နဲ့ နေရတော့မယ်
ကဲ-မင်းအတွက်အိမ်ရောက်လာပြီဟေ့- မင်းအိမ်ထဲ မင်းသွားနေပေတော့၊ အထဲမှာ အစာခွက်ရော ရေခွက်ရော ရှိတယ်
ဖေဖေ ကြောင်ကလေးကို နာမယ်မပေးရသေးဘူး၊ အမကလေး ဖြစ်ပြီး အညိုရောင်လေးမို့၊ မိညိုလို့ နာမယ်ပေးမယ်နော် ဖေဖေ၊
အင်း-ငါ့သား နာမယ်က မဆိုးဘူးဟေ့-ကောင်းတယ်


ရှဉ့်မကလေး မီညိုသည် ဖိုးချော်၏ ပြုစုယုယမှုကြောင့် တနေ့တခြား ကြီးထွားလာသည်၊
ဟဲ့ - မီညိုရဲ့ အိမ်ထဲမှာချည်း ကြပ်နေရတာ မွန်းနေပြီ၊ လာဟဲ့ - ခြံထဲ ဆင်းကစားရအောင်၊
ဟဲ့ - မီညို ဘယ်ပြေးတာလဲ လာခဲ့ - လာခဲ့ -
အင်း - မီညိုတကောင်တော့ သစ်ပင်တွေပေါ်မှာ လွတ်လွတ် လပ်လပ်ဆော့နေရှာလို့ သိပ်ပျော်နေပြီ၊


ထိုနေ့မှစ၍ မိညိုသည် ဖိုးခေါ် နှင့် နံနက်ပိုင်းတွင် ကစားပြီးနောက် အိမ်ခြံထဲသို့ အမြဲ ဆင်းသွားလေ့ရှိသည်။
ညနေ ဖိုးခေါ် ကျောင်းမှ ပြန်ရောက်ပြီး အတော်လေး မှောင်မှ၊ သူ့ရှေ့ အိမ်ဆီသို့ ပြန်လာလေ့ရှိသည်။
မိညိုတို့ ဗျား။ တနေ့လုံး သစ်ပင်တွေပေါ်မှာကို သွားကစားနေလိုက်တာ အခုမှပြန်လာတယ်.
တရက်ပြီးတရက် ကုန်လာသည်နှင့်အမျှ မိညိုကို အိမ်မှာ အတွေ့ ရနည်းလာသည်။
ဒီနေ့လဲ မိညို အိမ်ပြန်နောက်ကျပါ့မ လားဖေဖေ။
အို သူပျော်တဲ့နေရာမှာ နေပါစေသား၊ ဂျယ်တော့ ရှဉ့် ဆိုတာ သူ့သဘာဝ အတိုင်း သစ်ပင်ပေါ်မှာကို ပျော်တာသား ကွ!
တညတွင် မိညို အိမ်သို့ ပြန်မလာတော့ချေ။
ငါ့ရှဉ့်ကလေး မိညို၊ ခုထိ ပြန်မလာသေး ပါလား။ ဘာများ ဖြစ်နေလို့ပါလိမ့်။


မိညို အိမ်ပြန် မလာတာ နှစ်ပတ်တောင် ရှိပြီနော် မေမေ-
အို- မပူပါနဲ့ သားရယ်၊ သူ့အဖော်တွေနဲ့ တွေ့နေလို့ ပြန်မလာတာ ဖြစ်မှာပေါ့၊
တနေ့ ညနေကတွင်
ဟဲ- မိညို ပါလား- လာပေ့ မိညို - လာ- လာ- ဟိုအကောင်က မင်းအဖော် လား၊
အင်း- မိညိုက ဝလို့ ပါလားကွ၊ အတော်ပျော်နေ တယ်နဲ့ တူတယ်၊ မင်းအဖော်ကို ခေါ်လိုက် ပါဦး ကွယ်
ဟဲ- အဖော်ကြည့် ကလေး နောက်ကို မိညို ပြန်လိုက် သွားပြီ၊
မိညို- မိညို လာ- လာ-


ဤသို့ဖြင့် အချိန်တို့ ရွေ့လျားလာခဲ့သည်။ တရက်ပြီးတရက် တလပြီးတလ
ကုန်လွန်ခဲ့ပြီးနောက် တနေ့သော နံနက်စောစော အချိန်တွင် -
အင်း- မိညိုလဲ အဝေးကြီးရောက်နေလို့ ငါ့ကိုတောင် မေ့သွားပြီ၊ အေးလေ. သူ့ပျော်ပျော်နေရရင် ပြီးတာပါ၊
ဟဲ - ရှဉ့်အော်သံတွေ ကြားတယ်၊ မိညိုတို့များလား မသိဘူး၊ သွားကြည့်အုံးမှကွ၊
အလို - မိညိုပါလား၊ ဘာဖြစ်လို့ပါလိမ့်၊
ဟဲ့ - မိညို - နင်ကော ဖြစ်နေတာလား၊ တကယ်ယုံနိုင်စရာ လို့ပါလား။
မိညို - တခုခုဖြစ်နေလို့ ငါ့ကို လာခေါ်တာနဲ့တူတယ်၊


ဟဲ - မိညိုအမေရေ ရှင့်ကလေးကို၊ မြွေကြီးတကောင် ကိုက်ထားပါကလား။
မေမေရေ - လာပါဦး - ဟောဒီမှာ ရှင့်ကလေးကို မြွေကြီးတကောင်ကိုက် ထားတယ်
ဟေ - ဟုတ်လား
ကဲကွာ -
ဟဲ - ဟဲ - လွတ်သွားပြီ -
ဒုပ်



ငမြွေကြီးတော့ထွက်ပြေးသွားပြီ၊ ကြွက်ကလေး ကပဲသေနေသလိုဘဲဗျ၊
သေသွားပြီဗျာ၊ အသက်မရှိတော့ ဘူး၊
ဖိုးညိုခဏ - သွား စာကလေးလိုက်တာ ဝေဝေကျယ်
ပါပါသားရှယ်သားသားဖိုးညို ကိုမှမဖြစ်တော့ကိုတော့ပေး တာပေါ့ - အော့ - အော့...
ဟော - ရှုံ့ဝေ ကလေးကိုချွန်ကြီး တကောင်ချီသွား ပြီ -


သစ်ပင်ထိပ်ဖျားမှာ မိညိုတက်နေ ပါလား မေမေ၊
သစ်ပင်ထိပ်များမှာ မိညို အသိုက်ရှိမယ် အသိုက် ထဲမှာ ဥကလေး ရှိမယ် ထင်တယ် ဒါကြောင့် ချွန်ကို မြင်လို့ ကြောက် ပြီး ဝေးဝေးနေတာ ဖြစ်မှာပဲ သားရဲ့!
မိညိုရေ၊ လာဟဲ့-လာ- လာ-
အင်း-မိညိုက ဆင်းမလာပါကလား၊ ဒုက္ခပါကွ၊
ပိုးဝေသည် မိညိုတို့ သားအမိအတွက် တနေလုံး စိတ်မကောင်းဖြစ်နေသည်
ဖေဖေ-မိညို အော်သံ မကြားရပါလား မေမေ- မိညိုကို မြွေပြန်ကိုက်လေသလား မသိဘူး၊
ဟဲ့-မိညိုတို့ သားအမိ လာနေပြီ ကြည့်စမ်း မေမေ-
ဟေး ဟေ့-ခေါ်လိုက်ပါ သားရယ်၊



ည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်း ကော်ပိုရေးရှ
ဒိပုံနှိပ်တိုက် (၁၈၄၊ ၃၂-လမ်း၊ ရန်ကုန်) တွင် အယ်ဒီတာချုပ် ဦးဝင်းမောင် (ထုတ်ဝေသူ မှတ်ပုံတင် အမှ
၆၄) က တာဝန်ခံထုတ်ဝေ၍၊ အထွေထွေ စီမံခန့်ခွဲရေးမှူး ဦးခင်မောင်ထွန်း (ပုံနှိပ်သူ မှတ်ပုံတင် အမှ
၈၂) က ပုံနှိပ်သည်။ စောင်ရေ ၆၀၀၀၀။
ယ်လီဖုန်း အယ်ဒီတာချုပ် ၁၈၅၁၀။ အမှုဆောင်အယ်ဒီတာ ၃၄၆၅၅။ အထွေထွေစီမံခန့်ခွဲရေးမှူး ၁၇၂၄

# ယုန်ကလေးဘိုနီ့ကို
# ဆေးရောင်ခြယ်ကြရအောင်



ကျွန်တော်ဟာ-
ယုန်ကလေးဘိုနီ-
ဖြစ်ပါတယ်- ကျွန်တော့်
ကို- ဒီလိုဆေးရောင်
ခြယ်ပေးကြပါ။

ဝ- အဝါရောင်
န- အနီရောင်
ည- အညိုရောင်
ပ- အပြာရောင်
စ- အစိမ်းရောင်


တိမ်မှိုးလယ်
ဖိုးတိမ်ဆီကို ကြည့်စမ်းကွယ်
အမေ့သားလှ ရူညိုငယ်။
ကြယ်ကလေးတွေထွက်ပြီကြော
မြင်ရပါစ.. မြင်ပါစ။
ဖိုးလမကျွန် ဖွဲ့ဖွဲ့နွှန်
ကြယ်စုံမလက် တိမ်ကျွက်ကျွက်
ကြက်ခွပ်ကြက် ပြေးဖြူပြာသွေး
ကြယ်ကလေးတွေ ပုန်းကြသေး
ရှာပါလူလေး… မေ့လူလေး။
ဖိုးပြေးသန်းခေါင်၊ မဲ့မမှောင်
တိမ်မကျွက်လို့ နက်ပြာရောင်
အရှေ့၊ အနောက်၊ မြောက်နှင့်တောင်
သားငယ်လူလေး ကြည့်အုံးဆောင်၊
အိပ်ချင်ယောင်နှင့် သားငယ်မွေး
ခုနစ်စင်ကြယ် လိုက်တမ်းပြေး
မှိတ်လေ လက်လေ မမိသေး
ကြယ်နီပေါ်လို လင်းပြီလေး။
နှယ်ဥ
၁၉၇၃ ခု. စက်တင်ဘာလ
အတွဲ ၁၀ အမှတ် ၉
R. 497

Read more Shwe Thway Journals at




➜ Click below link ➜

[https://www.facebook.com/shwethwayjournal/](https://www.facebook.com/shwethwayjournal/)